e.com

# THE DAYDREAMER

Ian McEwan






# ပီတာစိတ်ကူးယဉ်

နေသန် မြန်မာပြန်သည်

mgyoe.com

mgyoe.com SAMPLE BOOK



Ian McEwan

Cover Design: Maung Day

K0344

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၈ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ်နှင့် အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ်-၁၄၇၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - မောင်ဒေး

အတွင်းသရုပ်ဖော် - Illustrated by Anthony Browne

တန်ဖိုး - ၂၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# THE DAYDREAMER

## Ian McEwan


## ပီတာစိတ်ကူးယဉ်

နေသန် မြန်မာပြန်သည်



mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူရဲ့ အမှာ

ကျွန်တော် လက်လှမ်းမီသလောက် မြန်မာဘာသာပြန်စာပေလောက မှာ Ian McEwan ရဲ့ လက်ရာတွေကို မတွေ့မိသေးပါဘူး။ ဒါပေမဲ့ မြန်မာ ပရိသတ်နဲ့ အစိမ်းကြီးတော့ မဟုတ်ပါဘူး။ ၂၀၀၇ ခုနှစ်က ထွက်ရှိခဲ့တဲ့ Atonement ရုပ်ရှင်ဟာ Ian McEwan ရဲ့ဝတ္ထုကို အခြေတည် ရိုက်ကူး ထားတာ ဖြစ်ပါတယ်။ (လတ်တလော ထွက်ရှိထားတဲ့ On Chesil Beach ရုပ်ရှင်ဟာလည်း ထိုနည်းလည်းကောင်းပါပဲ) ၁၉၉၈ ခုနှစ်မှာ Amsterdam ဆိုတဲ့ ဝတ္ထုနဲ့ မန်းဘွတ်ကာဆု ရရှိခဲ့တဲ့ Ian McEwan ဟာ ဗြိတိသျှ စာရေးဆရာတစ်ယောက် ဖြစ်ပါတယ်။ ခု ပြန်ဆိုလိုက်တဲ့ စာအုပ်ကတော့ သူ့ရဲ့ ကလေးစာပေ ခေါင်းစဉ်အောက်က The Daydreamer ဆိုတဲ့ ဝတ္ထုပါပဲ။

ကျွန်တော်ကတော့ ကလေးဘဝတုန်းက အဖေ ရာမဇာတ်တော်၊ မဟော်သဓာဇာတ်တော်တွေကို အိပ်ရာဝင်ပုံပြင်တွေလို ပြောပြတဲ့အခါ ပျော်ရသလိုမျိုး ခု ကလေးစာပေတွေ ဖတ်ရရင်လည်း ပျော်ရွှင်ရတာပါပဲ။ ဒီဝတ္ထုကိုလည်း ဖတ်ရင်း ဖတ်ရင်း သဘောကျလာပြီး နည်းနည်းစီ ပြန်ရင်း ပြန်ရင်းနဲ့ တစ်အုပ်လုံး ပြန်ဖြစ်သွားပါတယ်။ စာမျက်နှာကလည်း နည်းနည်း

mgyoe.com

mgyoe.com


လေးကိုး။ မူရင်းစာအုပ်ပါ Anthony Browne ရဲ့ လက်ရာ သရုပ်ဖော်ပုံတွေကို ပြန်လည်အသုံးပြုထားတယ် ဆိုတာက လွဲလို့ ဝတ္ထုအကြောင်းကိုတော့ဖြင့် ဘာသာပြန်သူအနေနဲ့ ဘာမှ တင်ကြိုမပြောလိုပါဘူး။ မူရင်းစာရေးဆရာရဲ့ အမှာစာထဲက စာသားတချို့ကိုသာ ကောက်နုတ်ပြန်ဆိုပါရစေ။

'The Daydreamer'' ကို ရေးလိုက်၊ အသံထွက် ဖတ်ကြည့်လိုက် လုပ်ရင်း ကျွန်တော် တွေးမိလာတာက ကလေးစာပေရဲ့ အစဉ်အလာ ဆိုတာတွေကို မေ့ပစ်လိုက်ပြီး ကလေးတစ်ယောက်အကြောင်းကို ကလေးတွေနားလည်နိုင်တဲ့ ဘာသာစကားနဲ့၊ လူကြီးတွေ ဖတ်ဖို့ စာအုပ်တစ်အုပ် ရေးကြည့်ရမလား ဆိုတာပါပဲ' တဲ့။

'လူကြီးတွေဖတ်ဖို့ ကလေးစာပေ' ရေးကြည့်တဲ့ မူရင်းစာရေးဆရာ Ian McEwan ရဲ့ အားထုတ်မှုနဲ့ ဘာသာစကားတစ်ခုကနေ နောက်တစ်ခုဆီ ကူးပြောင်းဖလှယ်တဲ့ ကျွန်တော့်ရဲ့ အားထုတ်မှု အောင်မြင်သလား ဆိုတာကိုတော့ စာဖတ်သူတွေ ကိုယ်တိုင် ဖတ်ရှု အကဲဖြတ်ကြဖို့ပါပဲ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့လက်တွေ အေးစက်စက်အရာတစ်ခုကို စမ်းမိတယ်။ သူ ဆွဲထုတ်လိုက်တော့ အနက်ရောင်အဖုံးနဲ့ အပြာရင့်ရောင် ဖန်ဘူးတစ်လုံး ထွက်လာတယ်။ အဖြူရောင်အညွှန်းစာပေါ်မှာ 'ကိုယ်ပျောက်ခရင်မ်' လို့ ရေးထားတယ်။ ဆိုလိုရင်းကို ဖမ်းဆုပ်ဖို့ ကြိုးစားနေရင်း သူ အဲဒီ စကားလုံးတွေကို အကြာကြီး ငေးစိုက်ကြည့်နေမိတယ်။ အထဲက အဖြူရောင် ခပ်ပျစ်ပျစ်ခရင်မ်က နုနုအိအိလေး။ တစ်ခါမှ မသုံးရသေးဘူး။ သူ့လက်ညှိုးထိပ်ကလေးနဲ့ တို့ကြည့်တယ်။ ခရင်မ်က အေးစက်လို့။ မာခဲခဲရေခဲတုံးလို အေးတာတော့မဟုတ်ဘူး။ ပိုးသားခရင်မ်လေးလို အေးစိမ့်နေတာ။ သူ့လက်ညှိုးကို ပြန်အထုတ်မှာ အလန့်တကြား အော်မိတယ်။ သူ့လက်ညှိုးထိပ် ပျောက်သွားပြီ။ လုံးဝဥဿုံဘုတ်ဆုံ ပျောက်သွားတာ။ သူ အဖုံးကို ပြန်ပိတ်ပြီး သူ့အခန်းဆီ ပြေးတက်တယ်။ သူ ဖန်ဘူးကို စင်ပေါ်မှာတင်တယ်။ အင်္ကျီတွေ၊ အရုပ်တွေကို ကန်ထုတ်ပစ်ပြီး ကြမ်းပြင်ပေါ် ထိုင်ချလိုက်တယ်။ ခုတင်ကို ကျောမှီရင်းပေါ့။ သူ အတွေးကြောထဲ မျောရဦးမယ်။

ကျွန်ုပ်၏ ရည်ရွယ်ရင်းကား အခြားပုံသဏ္ဌာန်ပြောင်းသွားသော အရာတို့အကြောင်း ပြောပြဖို့ပင်။

**အိုဗစ်၏ အသွင်ပြောင်းလဲမှုများ အတွဲ-၁**

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## ပီတာ့အကြောင်း မိတ်ဆက်ခြင်း

ပီတာဖော်ကျွန်း ဆယ်နှစ်သားအရွယ်တုန်းက လူကြီးတွေက သူ့ကို ထိန်းရခက်တဲ့ ကလေးလို့ ပြောကြတယ်။ သူတို့ ဘာကိုဆိုလိုသလဲ သူ လုံးဝ နားမလည်ဘူး။ သူ့ကိုယ်သူ ထိန်းရခက်တယ်လို့ လုံးဝမထင်ဘူး။ သူက ဥယျာဉ် န်ရံကို နွားနို့ပုလင်းနဲ့ ပေါက်တာမျိုးတွေ မလုပ်ဖူးဘူး။ သူ့ခေါင်းပေါ် ခရမ်းချဉ်သီး ဆော့စ်ရည်တွေ တို့ပြီး သွေးတွေလို့ ဟန်ဆောင် မပြောဖူးဘူး။ အဘွားရဲ့ ခြေချင်းဝတ်ကို သူ့ဓားရှည်နဲ့ ခုတ်တာမျိုးတွေ မလုပ်ဖူးဘူး။ အဲဒါမျိုးတွေ ခေါင်းထဲ ခဏခဏ တွေးမိတာမျိုးတော့ ရှိတာပေါ့။ အာလူးသီးကလွဲရင် ဟင်းသီး ဟင်း ရွက်တွေ၊ ငါးတွေ၊ ဥတွေ၊ ဒိန်ခဲတွေ၊ သူ ကြေးများတာ မရှိဘူး။ သူ တခြား တစ်ယောက်ယောက်ထက် ပိုညစ်ပတ်တာ၊ ပိုတုန်းအတာ၊ ပိုရှုည့်ပွက်လောရိုက်တာ မျိုးတွေလည်း မရှိဘူး။ သူ့နာမည်ကလည်း ခေါ်ရ၊ စာလုံးပေါင်းရလွယ်ပါတယ်။ ဖြူဖျော့ပြီး မှဲ့ခြောက်တွေရှိတဲ့ သူ့မျက်နှာကလည်း မှတ်မိဖို့ မခက်ပါဘူး။ သူ တခြားကလေးတွေလိုပဲ ကျောင်းကို နေ့တိုင်းသွားပြီး အဲဒီလို သွားရတာကို ရေးကြီးခွင့်ကျယ် လုပ်တာမျိုးလည်း မရှိပါဘူး။ သူ ညီမအပေါ် ဆိုးတာကလည်း သူ့ညီမ သူ့အပေါ် ဆိုးသလောက်ပဲ ဆိုးတာပါ။ ရဲသားကြီးတွေ သူ့ကို လာဖမ်းဖို့ အိမ်ရှေ့တံခါးကို လာခေါက်တာမျိုးလည်း မရှိပါဘူး။ ဂျူတီကုတ်အဖြူနဲ့ ဆရာဝန် ကြီးတွေလည်း သူ့ကို အရူးထောင်ပို့ပစ်ဖို့ လာခေါ်တာမျိုး မရှိပါဘူး။ သူ သိသလောက်တော့ သူက ထိန်းရလွယ်ပါတယ်။ သူ့ရဲ့ဘယ်ဟာက ခက်နေတာလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ပီတာ သူကိုယ်တိုင် လူကြီးဖြစ်မှ နားလည်တော့တယ်။ သူ့ကို ထိန်းရခက်တယ်လို့ သူတို့ထင်ကြတာက သူက ဆိတ်ဆိတ်နေတတ်လို့ပဲ။ အဲဒီ အချက်ကို လူတွေ မကြိုက်ကြဘူးထင်တယ်။ နောက် ပြဿနာတစ်ခုက သူ သူ့ဟာသူနေတတ်တာပဲ။ အချိန်တိုင်းတော့ ဘယ်ဟုတ်မလဲ။ နေ့တိုင်းလည်း မဟုတ်ဘူးပေါ့။ ဒါပေမဲ့ နေ့တော်တော်များများမှာ သူ တစ်နာရီလောက် တစ်နေရာရာ (သူ့အိပ်ခန်း၊ ဒါမှမဟုတ် ပန်းခြံ)သွားနေရတာကို သဘောကျတယ်။ တစ်ယောက်တည်းနေပြီး သူ့အတွေးတွေကြား နစ်မျောနေရတာကို သူ ကြိုက်တယ်။

လူကြီးတွေက ဆယ်နှစ်သားကောင်လေးရဲ့ ခေါင်းထဲမှာ ဘာတွေရှိနေတယ်ဆိုတာ သူတို့ သိတယ်လို့ ထင်ချင်ကြတယ်။ ဒါပေမဲ့ တစ်စုံတစ်ယောက်က ဆိတ်ဆိတ်ငြိမ်နေရင် သူဘာတွေတွေးနေသလဲ လူတွေသိဖို့ မဖြစ်နိုင်ဘူးလေ။ နွေနေ့လယ်ခင်းတွေဆို မြက်သုံးလေးစကိုက်ရက်သား ပီတာ့ကို ကျောခင်းပြီး ကောင်းကင်ကို ငေးကြည့်နေတာမျိုး တွေ့ရတတ်တယ်။

"ပီတာ၊ ဟေး… ပီတာ၊ မင်း ဘာတွေတွေးနေတာလဲဟ" လို့ သူတို့ မေးကြလိမ့်မယ်။

အဲဒီအခါကျ ပီတာ ဆတ်ခနဲ ထထိုင်ပြီး-

"အို… ဘာမှ မတွေးပါဘူး" လို့ ပြန်ဖြေလိမ့်မယ်။

သူ့ခေါင်းထဲမှာ တစ်ခုခု တွေးနေမယ်ဆိုတာ လူကြီးတွေ သိကြပေမယ့် အဲဒီတစ်ခုခုက ဘာလဲဆိုတာ သူတို့ မြင်လည်း မမြင်နိုင်၊ ကြားလည်း မကြားနိုင်၊ သိလည်း မသိနိုင်ကြရှာဘူး။ သူ ဘာတွေးနေသလဲ မသိကြတော့ ဆက်မတွေးနဲ့လို့လည်း တားလို့ မရကြရှာဘူး။ သူ ကျောင်းကို မီးတင်ရှို့ဖို့ ကြံနေတာ ဖြစ်နိုင်သလို သူ့ညီမကို မိကျောင်းစာကျွေးပြီး မီးပုံးပျံနဲ့ ထွက်ပြေးဖို့ ကြံစည်နေတာလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူတို့ ကောင်းကင်ပြာကြီးကို မျက်တောင်တစ်ချက်မခတ်ဘဲ ကြည့်နေတဲ့ ကောင်လေးတစ်ယောက်၊ နာမည်ခေါ်တာတောင် မကြားတဲ့ ကောင်လေး တစ်ယောက်ကိုပဲ မြင်ရလိမ့်မယ်။

သူ့ဘာသာသူနေတတ်တာကိုလည်း လူကြီးတွေ မကြိုက်ကြပြန်ဘူး။ သူတို့က တခြားလူကြီးတွေ သူတို့ဘာသာသူတို့နေတတ်ကြတာကိုတောင် ကြိုက်ကြတာမဟုတ်ဘူး။ လူတစ်ယောက် တခြားသူတွေနဲ့ ဝင်ပေါင်းမယ်ဆိုရင် အဲဒီလူ ဘယ်လမ်းကြောင်း သွားနေတယ်ဆိုတာ သိနိုင်တယ်။ ဒီတော့ ဝင်ပေါင်းရင်

mgyoe.com

m g y p e . c o m  SAMPLE BOOK 

ပေါင်း၊ မဟုတ်ရင်တော့ ဒါဟာ တခြားသူတွေကို ဝင်နှောင့်နေတာပဲလို့ လူကြီးတွေ မြင်ကြတယ်။

ပီတာကတော့ အဲဒီလို မတွေးဘူး။ ပီတာအတွက် ဝင်ပေါင်းတာက ကိစ္စမရှိဘူး။ ဝင်ပေါင်းပြီးနောက် ဖြစ်ကြတာက ကိစ္စရှိတာ။ တကယ်တော့ လူတွေ ဝင်ပေါင်းကြ၊ တခြားသူတွေကို ဝင်ပေါင်းခိုင်းကြတဲ့တက် သိပ်အားမစိုက်တဲ့ ကိုယ် ဘာလဲ၊ ဘာဖြစ်နိုင်လဲဆိုတာ တစ်နေ့တစ်နေ့ကို အချိန်နည်းနည်းပေးပြီး တွေးကြ မယ်ဆိုရင် ကမ္ဘာကြီးက ပိုပျော်ဖို့ကောင်းတဲ့နေရာတစ်ခု ဖြစ်လာမယ်၊ စစ်တွေလည်း ဖြစ်မှာမဟုတ်တော့ဘူးလို့ ပီတာ တွေးမိတယ်။

ကျောင်းမှာ သူ သူ့ခန္ဓာကိုယ်ကြီးကို စာသင်ခုံမှာ ထားခဲ့ပြီး စိတ်က ခရီးတွေနှင်နေတာပဲ။ အိမ်မှာဆိုရင်တောင် စိတ်ကူးယဉ်တာက တစ်ခါတလေ ဒုက္ခရောက်နိုင်တယ်။ တစ်ခုသော ခရစ္စမတ်မှာ ပီတာ့အဖေ တောမတ်စ်ဖော်ကျွန်း ညီ့ခန်းထဲမှာ အလှတန်ဆာတွေ ချိတ်နေတယ်။ အဲဒီအလုပ်ကို သူ့အဖေ သိပ် မုန်းတာ။ အဲဒါ လုပ်ရတိုင်း သူ စိတ်တိုလာတတ်တယ်။ ရောင်စုံစက္ကူစ တချို့ကို ထောင့်တစ်ခုရဲ့ ခပ်မြင့်မြင့်မှာ တက်ကပ်မလို့လုပ်တယ်။ အဲဒီထောင့်မှာ ကုလားထိုင် တစ်လုံးရှိနေပြီး အဲဒီကုလားထိုင်ပေါ်မှာ ထွေထွေထူးထူး ဘာမှ လုပ်မနေဘဲ ထိုင်နေတာ ပီတာ ဖြစ်နေတယ်။

"ပီ မလှုပ်နဲ့နော်" လို့ ဖေဖေ တောမတ်စ်ဖော်ကျွန်းက ပြောတယ်။

"ခုံနောက်မှီမှာရပ်ပြီး အပေါ်တက်ကပ်မှာမို့"


"ရပါတယ် တက်လေ" လို့ ပီတာ ပြန်ပြောလိုက်တယ်။

တောမတ်စ်ဖော်ကျွန်း ခုံပေါ်တက်တယ်။ ပီတာလည်း အတွေးတွေထဲ ပြန်ရောက်သွားတယ်။ သူ ဘာမှလုပ်မနေဘူးလို့ ထင်စရာရှိတယ်။ တကယ်တော့ သူ အလုပ်တွေ ရှုပ်နေတာ။ ထင်းရှူးပင်တွေမှာ ကြိုးကို တင်းတင်းရင်းရင်းချည်ပြီး တောင်ပေါ်ကနေ အင်္ကျီချိတ်နဲ့ လျှောဆင်းနိုင်တဲ့ စိတ်လှုပ်ရှားစရာနည်းတစ်ခုကို ထွင်နေတာ။ သူ့အဖေ မျက်နှာကြက်ကို မီဖို့ ခုံကျောမှီပေါ် ကျားကုတ်ကျားခဲ တက်ရပ်နေတုန်း သူကတော့ သူ့ပြဿနာအကြောင်း ဆက်တွေးနေတယ်။ ဘယ်လို လျှောချရင် အပင်တွေကို မတိုက်မိဘဲ ဆင်းလို့ရမလဲ ပီတာ သိချင်မိတယ်။

တောင်ပေါ်လေကြောင့်လား မသိ၊ ပီတာ ဗိုက်ဆာနေတာကို သတိရ သွားတယ်။ မီးဖိုချောင်ထဲမှာ မဖောက်ရသေးတဲ့ ချောကလက်ဘီစကွတ်ထုပ် တစ်ထုပ်ရှိတယ်။ သူတို့ကို အဖက်မလုပ်လို့ဆိုပြီး ဝမ်းနည်းနေကြရှာရောပေါ့။ သူ

m g y p e . c o m

mgyoe.com

ရပ်နေတုန်း သူ့နောက်မှာ ဗိုင်းခနဲ အသံအကျယ်ကြီး ကြားရတယ်။ သူ လည်ပြန်လှည့်ကြည့်တော့ သူ့အဖေခေါင်းက ကုလားထိုင်နဲ့ အခန်းထောင့်ကြားက ကွက်လပ်မှာ ထိုးစိုက်ကျနေတယ်။ အဲဒီနောက် တောမတ်စ်ဖော်ကျွန်း ပြန်ပေါ် လာတယ်။ ခေါင်းက အရင်ပေါ်လာတယ်။ ပြီးတော့ ပီတာကို တစ်စစီအမှုန့် ခြေပစ်ဖို့ ပြင်တော့တယ်။ အခန်းရဲ့ တခြားဘက်မှာတော့ ပီတာ့အမေ မရယ်မိအောင် ပါးစပ်ကြီးကို လက်နဲ့ အုပ်ထားနေလေရဲ့။

"အိုး… ဆောရီး အဖေ" လို့ ပီတာက တောင်းပန်စကားဆိုတယ်။

"အဖေ တက်နေတာ သား မေ့သွားလို့"

mgyoe.com

SAMPLE BOOK


သူ ဆယ်နှစ်ပြည့်ပြီး သိပ်မကြာဘူး သူ့ရဲ့ ခုနစ်နှစ်အရွယ်ညီမလေး 'ကိတ်' ကို ကျောင်းပို့တဲ့တာဝန် သူ့အပေါ် ယုံယုံကြည်ကြည်နဲ့ ပေးလိုက်တယ်။ ပီတာနဲ့ ကိတ်က ကျောင်းအတူတူပဲ။ အိမ်နဲ့ကျောင်းက လမ်းလျှောက်သွားရင် ဆယ့်ငါးမိနစ်လောက်၊ ဘတ်စ်ကားစီးရင် ခဏလောက်နဲ့ ရောက်တာ။ အရင်ကတော့ သူတို့အဖေက အလုပ်သွားရင်း သူတို့ကို လမ်းလျှောက်ပို့နေကျ။ ခုတော့ ကလေးတွေ ကျောင်းကို ကိုယ့်ဘာသာကိုယ် ဘတ်စ်ကားစီးသွားနိုင်တဲ့ အရွယ် ရောက်ပြီ။ ပီတာက ဆရာကြီးပေ့ါ။

ခရီးက မှတ်တိုင်နှစ်ခုစာပဲရှိတာ။ ဒါပေမဲ့ သူတို့မိဘတွေ ပုံကြီးချဲ့နေပုံက ပီတာကပဲ ကိတ်ကို မြောက်ဝင်ရိုးစွန်းကို လိုက်ပို့တော့မှာလိုလို။ ညကတည်းက သူ့ကို ညွှန်ကြားချက်တွေ တန်းစီပေးတယ်။ မနက်နိုးတော့ ထပ်ကျော့ပြောပြန်သေးတယ်။ အဲဒီနောက် မနက်စာစားနေရင်းလည်း တတိယမ္ပိ ညွှန်ကြားချက်တွေ ပေးတယ်။ ကလေးတွေ တံခါးဝရောက်တော့ မေမေ ဗိုင်အိုလာဖော်ကျွန်းက နောက်ဆုံးအကြိမ် ညွှန်ကြားပြန်တယ်။ လူတိုင်း ငါ့ကို ငတုံးလို့ မြင်ပုံရတယ်လို့ ပီတာ တွေးမိတယ်။ အဲဒါ ဟုတ်ရင်လည်း ဟုတ်မှာပေ့ါလေ။ သူ ဘာတွေပဲဖြစ်ဖြစ် အချိန်တိုင်း ကိတ်ရဲ့လက်ကို ဆွဲထားရမယ်တဲ့။ သူတို့ အောက်ထပ်မှာပဲစီးရမယ်။ ကိတ်ကို ပြတင်းပေါက်နဲ့ အနီးဆုံးမှာ ထိုင်ခိုင်းရမယ်တဲ့။ အရူးတွေ၊ လူယုတ်မာတွေ စကားလာပြောရင် သူတို့တွေ နားလည်းမထောင်ရ၊ စကားလည်း ပြန်မပြောရဘူးတဲ့။ ပီတာက ဆင်းမယ့်မှတ်တိုင်ကို ဘတ်စ်ကားဆရာကြားအောင် ကျယ်ကျယ် အော်ပြောရမယ်တဲ့။ 'ကျေးဇူးပြု၍' ဆိုတာလည်း ထည့်ပြောဖို့မမေ့နဲ့။ မျက်လုံးကလည်း လမ်းကိုပဲ ကြည့်နေရမယ်။

သူ့အမေက ပီတာကို အဲဒါတွေအားလုံး ပြန်ရွတ်ခိုင်းတယ်။ ပြီးတော့ ပီတာ သူ့ညီမနဲ့အတူ ဘတ်စ်ကားမှတ်တိုင်ဆီ ထွက်လာခဲ့တယ်။ တစ်လမ်းလုံး သူတို့ လက်ချင်းတွဲလာကြတယ်။ တကယ်တော့ သူ ဒါကို စိတ်မခုမိဘူး။ သူ ကိတ်ကို သဘောကျတယ်လေ။ သူ ကောင်မလေးတစ်ယောက်ရဲ့လက်ကို ကိုင်ထားတာကို သူ့သူငယ်ချင်းတွေ မြင်သွားပါစေလို့တောင် မျှော်လင့်မိသေးတယ်။ ဘတ်စ်ကား ရောက်လာပြီ။ သူတို့ ကားပေါ်တက်တယ်။ အောက်ထပ်မှာ ထိုင်တယ်။ ထိုင်ရင်း တစ်ယောက်လက် တစ်ယောက်ကိုင်ထားတာ ကြောင်တောင်တောင်နိုင်လိုက်တာ။ ပြီးတော့ ကျောင်းက ကောင်လေးတချို့လည်း ကားပေါ် ပါလာတယ်။ ဒါနဲ့ သူတို့ လက်လွှတ်လိုက်ကြတယ်။ ပီတာ ကိုယ့်ကိုယ်ကိုယ်

mgyne.com

mgyoe.com SAMPLE BOOK


ဂုဏ်ယူနေတယ်။ သူ သူ့ညီမကို ထိန်းသိမ်းစောင့်ရှောက်နိုင်နေပြီ။ သူမ သူ့ကို ကိုးစားလို့ရနေပြီ။ သူတို့နှစ်ယောက်တည်း တောထဲ တောင်ထဲ ရောက်နေပြီး ဆာလောင်နေတဲ့ဝံပုလွေတွေနဲ့ ပက်ပင်းတိုးတယ်ဆိုပါတော့၊ ဘာလုပ်ရမယ်ဆိုတာ သူ သိမှာပဲ။ ချက်ချင်းမလှုပ်ရှားမိဖို့ သတိထားမယ်။ ကျောက်ဆောင် အကြီး ကြီးနား ရောက်တဲ့အထိ ကိတ်ရဲ့လက်ကို ဆွဲပြီးပြေးမယ်။ ဒီလိုဆို ဝံပုလွေတွေ သူတို့ကို ဝိုင်းနိုင်မှာ မဟုတ်တော့ဘူး။

အဲဒီနောက်တော့ သူ မမေ့မလျော့ယူလာခဲ့တဲ့ အရေးကြီးပစ္စည်းနှစ်ခုကို အိတ်ကပ်ထဲကနေ ထုတ်မယ်။ အမဲလိုက်ဓားရယ်၊ မီးခြစ်ဘူးရယ်။ သူ ဓားကို ဓားအိမ်ကနေ ချွတ်ပြီး မြက်ခင်းပေါ်မှာ စိုက်ချထားမယ်။ ဝံပုလွေတွေ တိုက်ခိုက် လာခဲ့ရင် အသင့်ဖြစ်နေအောင်လေ။ ဝံပုလွေတွေ အနားကပ်လာပြီ။ သူတို့ ဆာလောင်နေတာများ သွားရည်တွေစီးကျလို့၊ မာန်လည်းဖီလိုက်သေး။ ကိတ်က တရှုပ်ရှုပ်ငိုနေပြီ။ သူ မချော့အားသေးဘူး။ သူ့အကြံကို အာရုံစိုက်နေရမယ့်အချိန် ဆိုတာ သူ သိတယ်။ သူ့ခြေထောက်အောက်တည့်တည့်မှာ သစ်ရွက်ခြောက်တွေနဲ့ သစ်ကိုင်းခြောက်တွေ ရှိနေတယ်။ သူ ခပ်သွက်သွက်နဲ့ ကျွမ်းကျွမ်းကျင်ကျင်ပဲ အဲဒါတွေကို အပုံလေးဖြစ်အောင် ပုံလိုက်တယ်။ ဝံပုလွေက နီးသထက်နီးလာပြီ။ သူ တစ်ချက်လေးမှ မှားလို့မရဘူး။ မီးခြစ်ဆံဘူးထဲမှာ မီးခြစ်ဆံတစ်ချောင်းပဲ ကျန်တော့တယ်။ သူတို့ ဝံပုလွေတွေရဲ့ပါးစပ်က အညှီနံ့တွေကို ရနေပြီ။ သူ ခါးကိုကုန်း၊ လက်နဲ့အုပ်ပြီး မီးခြစ်ခြစ်တယ်။ လေတစ်ချက်တိုက်တော့ မီးစ ငြိမ်းမလိုလိုဖြစ်သွားတယ်။ ဒါပေမဲ့ ပီတာ သစ်ရွက်ခြောက်ပုံထဲ ချလိုက်တယ်။ တစ်ရွက်ပြီး တစ်ရွက် မီးကူးတယ်။ နောက်ဆုံးတော့ သစ်ကိုင်းခြောက်တွေဆီပါ ကူးသွားပြီး မီးပုံကြီးဖြစ်သွားတယ်။ သူ နောက်ထပ်သစ်ရွက်ခြောက်တွေ၊ သစ်ကိုင်း ခြောက်တွေ ထပ်စုတယ်။ ကိတ်လည်း ပေါက်သွားပြီး သူ့ကို ဝင်ကူတယ်။ ဝံပုလွေတွေ နောက်ဆုတ်သွားပြီ။ တောရိုင်းတိရစ္ဆာန်တွေက မီးကြောက်တယ်။ မီးတောက်တွေက မြင့်သထက်မြင့်လာပြီး လေက မီးခိုးတွေကို ဝံပုလွေတွေရဲ့ သွားရည်တမျှားမျှား အစွယ်တွေဆီ ပင့်ပေးတယ်။ ပီတာ အမဲလိုက်ဓားကို မြဲမြဲ ကိုင်ပြီး –

မဖြစ်နိုင်တာ သူသာ ဂရုတစိုက်မနေဘူးဆိုရင် ဒီလိုစိတ်ကူးယဉ်အိပ်မက် တွေကြောင့် သူ မှတ်တိုင်ကျော်သွားနိုင်တယ်။ ဘတ်စ်ကား ရပ်သွားတယ်။ သူ့ကျောင်းက ကလေးတွေ ဆင်းတောင်ဆင်းနေကြပြီ။ ဘတ်စ်ကားပြန်ထွက်ခါနီးမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ပီတာ ခုန်ဆင်းလို့ ပလက်ဖောင်းပေါ် ရောက်သွားတယ်။ သူ တစ်ခုခုမေ့ခဲ့ပြီဆိုတာ သတိရတော့ ကားက ကိုက်ငါးဆယ် အကွာလောက် ရောက်နေပြီ။ သူ့လွယ်အိတ်လား။ ဘယ်ကလာ သူ့ညီမပဲ။ သူ သူမကို ဝံပုလွေတွေရဲ့ လက်ကနေ ကယ်ခဲ့တယ်။ ပြီးတော့ ဘတ်စ်ကားပေါ်မှာ ချန်ထားမိခဲ့တယ်။ ခဏလောက် သူ တစ်လှမ်းမှ မရွေ့နိုင် ဖြစ်သွားတယ်။ သူ ဘတ်စ်ကား ဆက်ထွက်သွားတာကို ရပ်ကြည့်နေတယ်။

"ပြန်လာခဲ့" လို့ သူ ရေရွတ်တယ်။

"ပြန်လာခဲ့"

သူတို့ကျောင်းက ကောင်လေးတစ်ယောက် ရောက်လာပြီး သူ့ကျောကို ပုတ်တယ်။

"ဟေး… ဘာဖြစ်တာလဲ သရဲမြင်လိုက်လို့လား"

ပီတာ့အသံက ဟိုးအဝေးကနေ ရောက်လာသလိုမျိုးပဲ။

"အိုး… ဘာမှ မဟုတ်ပါဘူး၊ ငါ ကားပေါ်မှာ တစ်ခုမေ့ကျန်ခဲ့လို့"

အဲဒီနောက် သူ စပြေးတော့တယ်။ ဘတ်စ်ကားက တစ်မိုင်ရဲ့ လေးပုံတစ်ပုံလောက် ရောက်နေပြီ။ နောက်မှတ်တိုင်မှာရပ်ဖို့ အရှိန်လျှော့နေပြီ။ ပီတာ ခပ်သွက်သွက်ပြေးသွားတယ်။ သူပြေးတာ မြန်လွန်းလို့ သူ့လက်တွေ ဆန့်ကားထားလိုက်ရင် သစ်ပင်ထိပ်တွေထိ ပျံတက်သွားလေမလားထင်ရတယ်။ မဟုတ်သေးပါဘူး။ သူ စိတ်ကူးယဉ်အိပ်မက် မက်နေလို့မရဘူး။ သူ သူ့ညီမကို ပြန်ခေါ်ဖို့ ရောက်လာတာ။ ခုတောင် သူ့ညီမ ကြောက်လို့ အော်ငိုနေလောက်ရောပေါ့။

ခရီးသည်တချို့ ဆင်းသွားကြပြီး ဘတ်စ်ကားက ပြန်ထွက်တော့မယ်။ သူ ခုနကထက်တော့ ပိုနီးလာပြီ။ ဘတ်စ်ကားက လော်ရီကားကြီးနောက်မှာ။ သူ ခြေသလုံးတွေ၊ ရင်ဘတ်တွေ နာကျင်ကိုက်ခဲနေတာကို မေ့ထားပြီး ဆက်ပြေးလိုက်မယ်ဆိုရင် မီတော့မှာပဲ။ သူ မှတ်တိုင်ကိုရောက်တော့ ဘတ်စ်ကားက သူနဲ့ ကိုက်တစ်ရာလောက်တောင် မဝေးတော့ဘူး။

"မြန်မြန်လေး၊ မြန်မြန်လေးပြေးထား" လို့ သူ့ကိုယ်သူ အားပေးတယ်။

ဘတ်စ်ကားမှတ်တိုင်မှာ ရပ်နေတဲ့ ကလေးတစ်ယောက်က ပီတာ့ကို လှမ်းအော်ခေါ်တယ်။

"ဟေး… ပီတာ… ပီတာ"

ပီတာ ပြန်လှည့်ကြည့်ဖို့ကို အားမရှိဘူး။

mgyoe.com

"ရပ်လို့ မဖြစ်ဘူး"

သူ မောကြီးပန်းကြီးနဲ့ ဆက်ပြေးတယ်။

"ပီတာ… ရပ်လိုက်တော့၊ ညီမလေးလေ"

သူ ရင်ဘတ်ကို တင်းတင်းဆုပ်ပြီး သူ့ညီမခြေရင်း မြက်ခင်းပေါ် ပုံလဲကျသွားတယ်။

"ခွေးချေးပုံကြီး တက်နင်းမိဦးမယ်" လို့ သူမက သူမအစ်ကို လေ အငမ်းမရရှူနေတာကို အေးအေးဆေးဆေးကြည့်ရင်း ပြောတယ်။

"ထတော့၊ ကျောင်းဆီ ပြန်လျှောက်သွားမှဖြစ်မယ်၊ မဟုတ်ရင် နောက်ကျ တော့မှာ၊ ပြဿနာ ထပ်မဖြစ်ချင်ရင် ကိုကို ညီမလေးလက်ကို ဆွဲထားရ လိမ့်မယ်"

ဒါနဲ့ သူတို့ ကျောင်းဘက်ဆီ အတူတူပြန်လျှောက်လာခဲ့ကြတယ်။ ကိတ်က အခုဖြစ်ခဲ့သမျှကို အိမ်ပြန်ရောက်တဲ့အခါ ပြန်မပြောပါဘူးလို့ ကောင်းကောင်းမွန်မွန် ကတိပေးပါတယ်။ ပီတာရဲ့ စနေနေ့မုန့်ဖိုးတော့ သူမကို ပေးရမယ်ပေါ့။

စကားများများမပြောတဲ့ စိတ်ကူးယဉ်သူတစ်ယောက်ကြုံရတဲ့ ပြဿနာ ကတော့ ကျောင်းက ဆရာ၊မတွေ အထူးသဖြင့်၊ သူ့ကို ကောင်းကောင်း မသိ သူတွေက သူ့ကို ပိန်းတယ်လို့ ထင်ကြတာပဲ။ ပိန်းတယ်မဟုတ်ရင် ထုတယ်ပေါ့။ ကိုယ့်ခေါင်းထဲမှာ ဖြစ်ပျက်နေတဲ့ စိတ်လှုပ်ရှားစရာတွေကို ဘယ်သူမှ မမြင်နိုင်ဘူး။ ပီတာ ပြတင်းပေါက်အပြင်ဘက် ငေးနေတာ၊ ဒါမှမဟုတ် စာသင်ခုံပေါ်က စာရွက်အလွတ်ကို ငေးနေတာကို တွေ့သွားတဲ့ ဆရာမတစ်ယောက်က သူ ငြီးငွေ့နေတာ၊ ဒါမှမဟုတ် အဖြေစဉ်းစားမရ ဖြစ်နေတာလို့ ထင်ကောင်း ထင်နိုင် တယ်။ ဒါပေမဲ့ တကယ့်အဖြစ်မှန်က အဲဒီလို မဟုတ်ဘူးရယ်။

ဥပမာပြောရမယ်ဆိုရင် တစ်မနက်မှာ ပီတာတို့အတန်းထဲ သင်္ချာစာမေးပွဲ ဖြေရတယ်။ သူတို့ ဂဏန်းအကြီးကြီးတွေကို ပေါင်းပေးရတယ်။ အချိန်က မိနစ်နှစ်ဆယ်ရတယ်။ သုံးသန်းငါးသိန်းနှစ်ရာကိုးဆယ့်ငါးကို အဲဒီလောက်ကြီးတဲ့ တခြားဂဏန်းတစ်ခုနဲ့ ပေါင်းခိုင်းတဲ့ ပထမပုစ္ဆာမှာပဲ ပီတာ ကမ္ဘာမှာအကြီးဆုံး ဂဏန်းအကြောင်း တွေးမိသွားရော။ လွန်ခဲ့တဲ့တစ်ပတ်တုန်းကပဲ သူ ဂူးဂိုလ် ဆိုတဲ့နာမည်နဲ့ သိပ်မိုက်တဲ့ ဂဏန်းအကြောင်း ဖတ်လိုက်ရတယ်။ ဂူးဂိုလ်ဆိုတာ တစ်ဆယ်ကို တစ်ဆယ်နဲ့ အကြိမ်တစ်ရာမြှောက်ထားတာပဲ။ တစ်ဆယ်နောက်မှာ သုညအလုံး တစ်ရာတောင်ရှိမယ်။ အဲဒီထက် ပိုမိုက်တဲ့ စကားလုံး ရှိသေးတယ်။

mgyoe.com

mg

SAMPLE BOOK


ငူးဂိုလ်ပလက်စ်တဲ့။ လွတ်လှ။ ငူးဂိုလ်ပလက်စ် ဆိုတာတော့ တစ်ဆယ်ကို တစ်ဆယ်နဲ့ ဂူးဂိုလ် အကြိမ်မြှောက်ထားတာ။ ကဲ ... ဒီ့ထက် မိုက်တဲ့ဂဏန်း ရှိဦးမလား။

အဲဒီဂဏန်းရဲ့ အရွယ်အစား ဘယ်လောက် ကြီးမလဲဆိုတဲ့ အတွေးနောက် ပီတာ လိုက်သွားတယ်။ သုညတွေ အာကာသထဲကို ပူဖောင်းတွေလို ပလုံစီ လျှံထွက်ကုန်မှာ။ နက္ခတ္တဗေဒ ပညာရှင်တွေရဲ့ ရှာဖွေတွေ့ရှိချက်အရ တယ်လီစကုပ် အကြီးကနေ မြင်ရတဲ့ သန်းချီတဲ့ကြယ်တွေထဲက အက်တမ် စုစုပေါင်း အရေအတွက်ဟာ တစ်ဆယ်အပေါ်မှာ သုညရှစ်ဆယ့်ကိုးလုံးရှိတယ်လို့ သူ့အဖေ သူ့ကို ပြောပြဖူးတယ်။ တစ်ကမ္ဘာလုံးမှာရှိတဲ့အက်တမ်တွေအားလုံးပေါင်းရင်တောင် တစ်ဂူးဂိုလ် မရှိဘူးတဲ့။ တစ်ဂူးဂိုလ်ဆိုတာ တစ်ဂူးဂိုလ်ပလက်စ် နဲ့ယှဉ်ရင် စကားထဲကို ထည့်ပြောရလောက်တဲ့ အဆင့် မဟုတ်တော့ဘူး။ မင်း တစ်ယောက်ယောက်ဆီကနေ ချောကလက်တော်ဖီ တစ်ဂူးဂိုလ် တောင်းရင် စကြဝဠာထဲမှာ အဲဒီပမာဏကိုလုပ်ဖို့ အက်တမ်အရေအတွက် လုံလုံလောက်လောက် ရှိမှာမဟုတ်ဘူး။

ပီတာ ခေါင်းကို လက်ပေါ်မှောက်ချပြီး သက်ပြင်းချတယ်။ အဲဒီ အချိန်မှာပဲ ဆရာမက လက်ခုပ်တီးတယ်။ မိနစ်နှစ်ဆယ် အချိန်ပြည့်ပြီ။ ပီတာမှာ ပထမပုစ္ဆာက ပေါင်းလဒ်အဖြေကိုပဲ ချရေးရသေးတယ်။ တခြားသူတွေအားလုံး ဖြေပြီးသွားကြပြီ။ ပီတာ ဘာမှ မရေးဘဲ စာရွက်ကို ငေးကြည့်ပြီး သက်ပြင်းချနေတာကို ဆရာမက ကြည့်နေခဲ့တာ။

သိပ်မကြာပါဘူး၊ သူ့ကို လေးတို့၊ ခြောက်တို့လို ဂဏန်းအသေးလေးတွေကို မပေါင်းတတ်တဲ့ ကလေးအုပ်စုထဲ ထည့်လိုက်တယ်။ သိပ်မကြာခင်မှာ ပီတာ ငြီးငွေ့လာပြီး အာရုံစိုက်ဖို့ ပိုခက်လာတာ တွေ့ရတယ်။ သူ ဒီကလေးတွေ လောက်တောင် သင်္ချာမရဘူးလို့ ဆရာမတွေ မြင်လာကြတော့တယ်။ ဘာကိစ္စ သူ့ကို ဒီကလေးအုပ်ထဲ ထည့်ထားတာလဲ။

အင်းပေါ့၊ ပီတာ့မိဘတွေနဲ့ ညီမကတော့ ပီတာ စာညံ့တာမဟုတ်သလို ပျင်းရိတာ၊ ငြီးငွေ့တာမဟုတ်မှန်း သိပ်သိတာပေါ့။ သူ့ခေါင်းထဲမှာ စိတ်ဝင်စားစရာတွေ ပလုံစီနေတာကို ဆရာမတချို့တော့ သိလာကြပါပြီ။ ပီတာ တဖြည်းဖြည်း အရွယ်ရလာတာနဲ့အမျှ ကိုယ့်ခေါင်းထဲမှာ ဖြစ်နေတာကို လူတွေ မမြင်နိုင်ဘူးဆိုတာ သိလာတယ်။ ဒီတော့ ကိုယ့်ကို လူတွေနားလည်စေချင်ရင် ဒီအကြောင်းတွေကို ပြောပြရမယ်ဆိုတာ သိလာတယ်။ ဒီလိုနဲ့ပဲ သူ ပြတင်းပေါက်အပြင် ငေးနေတုန်းမှာ၊ ဒါမှမဟုတ် ကျောခင်းပြီး ကောင်းကင်ကို မော့ကြည့်နေတုန်းမှာ

mgype.com

mgyoe.com SAMPLE BOOK

ဖြစ်သမျှအကြောင်းတွေကို ချရေးတော့တယ်။ သူ လူကြီးဖြစ်တဲ့အခါ ဇာတ်လမ်းတွေ တီထွင်သူ စာရေးဆရာတစ်ယောက် ဖြစ်လာပြီး ပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်ရရှိခဲ့ပါတယ်။ ဒီစာအုပ်မှာ ပီတာ့ခေါင်းထဲ ဖြစ်ပျက်ခဲ့သမျှ ဆန်းဆန်းပြားပြား စွန့်စားခန်းတွေကို ဖတ်ရပါလိမ့်မယ်။

mgyoe.com

mgyoe.com SAMPLE BOOK



# အခန်းတစ်

## အရုပ်များ

ပီတာမှတ်မိသလောက် သူ ကိတ်နဲ့ အိပ်ခန်းတစ်ခန်းတည်း နေရတာပဲ။ များသောအားဖြင့် သူ ဘယ်လိုမှသဘောမထားပါဘူး။ ကိတ်က အဆင်ပြေပါတယ်။ သူမကြောင့် သူ ရယ်ရတယ်။ ပြီးတော့ ပီတာ အိပ်မက်ဆိုးမက်လို့ လန့်နိုးတဲ့ညတွေမှာ အခန်းထဲ တခြားတစ်ယောက်ယောက် ရှိနေတာ ကောင်းတာပေါ့။ သူ့ရဲ့ ခုနစ်အရွယ် ညီမလေးက အိပ်မက်ထဲမှာ သူ့နောက်ပြေးလိုက်တဲ့ အသားနီနီ၊ အကျိအချွဲအရည်တွေနဲ့ အကောင်တွေကို ဘာမှ လုပ်မပေးနိုင်ပေမဲ့လည်း ပေါ့။ သူ နိုးတဲ့အခါ အဲဒီမကောင်းဆိုးဝါးကောင်တွေက ခန်းဆီးနောက် ပြေးဝင်သွားကြပြီ၊ ဒါမှမဟုတ် အဝတ်ဗီရိုအောက် လေးဖက်ထောက်ဝင်သွားကြပြီ။ ကိတ်အခန်းထဲမှာ ရှိနေတော့ သူ့အတွက် အိပ်ရာထဲကနေ ဆင်းပြီး သူ့အမေ၊ အဖေတွေရဲ့အခန်းထဲ ပြေးသွားဖို့ နည်းနည်းပိုလွယ်သွားတာပေါ့။

ဒါပေမဲ့ သူ ကိတ်နဲ့တစ်ခန်းတည်းနေရတာကို မကျေနပ်တဲ့အချိန်တွေလည်း ရှိတယ်။ ပြီးတော့ ကိတ်လည်း မကျေနပ်ဘူး။ သူတို့ တစ်ယောက်ကို တစ်ယောက် ရန်စောင်နေတဲ့ နွေလယ်ခင်းအရှည်ကြီးတွေ ရှိတယ်။ ဘာမဟုတ်တာလေးနဲ့ ကတောက်ကဆတ်ဖြစ်၊ အဲဒီကနေ ထိုးကြိတ်၊ ဆွဲကုတ်၊ ဆံပင်ဆွဲဆောင့်တဲ့အထိ

mgyoe.com

mgyoe.com SAMPLE BOOK

အရှိန်တက်လာရော။ ပီတာက သုံးနှစ်ကြီးတာဆိုတော့ အကြိတ်အနယ် ရန်သတ်ပွဲတွေကို နိုင်ရမှာပေါ့။ နိုင်လည်း နိုင်ပါတယ်။ ကိတ် အရင်စငိုရတာချည်းပဲ။

ဒါပေမဲ့ ဒါက တကယ်နိုင်တာရော ဟုတ်ရဲ့လား။ ကိတ်က အသက်အောင့်ပြီး မျက်နှာကို မက်မန်းသီးမှည့်တစ်လုံးလို နီရဲတွတ်လာအောင် လုပ်နိုင်တယ်။ ပြီးရင် အောက်ထပ်ပြေးဆင်းပြီး အမေ့ကို ပီတာလုပ်တာပါဆိုပြီး သွားတိုင်လိုက်ရုံပဲ။ ဒါမှမဟုတ်ရင် ကြမ်းပြင်ပေါ်လှဲချပြီး ဆက်တိုက်အော်နေတာမျိုး။ သူမ သေတော့မလားလို့တောင် ပီတာ ထင်လာတဲ့အထိပဲ။ အဲဒီကျရင် သူကပဲ အောက်ထပ်ပြေးဆင်းပြီး အမေ့ကို သွားခေါ်ရရော။ ကိတ်က အသံစူးနေအောင်လည်း ညှစ်အော်တတ်သေးတယ်။ တစ်ခါတုန်းက သူမ အဲဒီလို အသံမှန်တိုင်းဆင်နေတုန်း အိမ်နားဖြတ်သွားတဲ့ ကားတစ်စီးရပ်ပြီး ကားထဲကနေ လူတစ်ယောက် စိုးရိမ်တကြီးမျက်နှာနဲ့ အိပ်ခန်းပြတင်းပေါက်ဆီ ငေးကြည့်နေခဲ့ဖူးတယ်။ အဲဒီအချိန်မှာ ပီတာအပြင်ကိုကြည့်နေတာမို့ လှမ်းတွေ့လိုက်တာ။ အဲဒီလူက ဥယျာဉ်ထဲပြေးသွားပြီး အိမ်တံခါးကိုထုတယ်။ အထဲမှာ ဆိုးဆိုးဝါးဝါး တစ်ခုခုဖြစ်နေတာ သေချာတယ်ပေါ့။ တကယ်လည်း သူထင်တဲ့ အတိုင်းပဲ။ ပီတာ ကိတ်ရဲ့ ပစ္စည်းတစ်ခုခုကို ငှားထားတာ။ ကိတ်က ပြန်လိုချင်နေပြီ။ ခုပဲတဲ့။

အဲဒီလို အခြေအနေတွေမှာ ဆေးထိုးခံရတာ ပီတာပဲ၊ ဆေးထိုးတာတော့ ကိတ်ပေါ့။ ပီတာတော့ အဲဒီလိုပဲမြင်တယ်။ ဆိုတော့ သူ ကိတ်ကို စိတ်တိုပြီဆိုရင် ရိုက်လိုက်ဖို့ အကြိမ်ကြိမ် စဉ်းစားရတယ်။ သူတို့ တံခါးပေါက်ကနေ အိပ်ခန်းတစ်လျှောက် စိတ်ကူးယဉ်မျဉ်းဆွဲပြီး ငြိမ်းချမ်းရေးယူထားတယ်။ ကိတ်အပိုင်အခြမ်းက ဟိုဘက်၊ ပီတာ့အခြမ်းက ဒီဘက်ပေါ့။ ဒီဘက်ခြမ်းမှာ ပီတာရဲ့ ပုံဆွဲစားပွဲရယ်၊ လည်စောင်းနေတဲ့ သစ်ကုလားအုတ် မွေးပွရုပ်တစ်ရုပ်ရယ်၊ အဖုံးပေါ်မှာ ပြထားသလောက် မမိုက်တဲ့ ကစားစရာတွေရယ်၊ ကိတ် အမြဲတမ်း ဖွင့်ကြည့်ဖို့ ကြံနေတဲ့၊ သူ့လျှို့ဝှက်ချက်တွေကို သိမ်းဆည်းထားတဲ့ သံဘူးလေးရယ် ရှိတယ်။

ဟိုဘက်ခြမ်းမှာတော့ ကိတ်ရဲ့ ပုံဆွဲစားပွဲရယ်၊ တယ်လီစကုပ်ရယ်၊ မိုက်ခရိုစကုပ်ရယ်၊ အဖုံးပေါ်ကအတိုင်း မိုက်တဲ့ သံလိုက်ကစားစရာတွေရယ် ရှိတယ်။ ကျန်တဲ့တစ်ဝက်ကိုတော့ အရုပ်တွေက နေရာယူထားတယ်။ အရုပ်တွေက ပြတင်းပေါက်အစွန်းမှာ ပျွင်းပျွင်းရိရိ ခြေဆင်းထိုင်လို့။ အဝတ်ဗီရိုမှန်ပေါ်မှာလည်း အရုပ်တွေ တိုးလိုးတန်းလန်း။ အရုပ်တွန်းလှည်းထဲမှာလည်း အရုပ်တွေ။ ရထား

mgyoe.com

mgyee.com SAMPLE BOOK

လက်မှတ်စစ်တွေကျနေတာပဲ။ သူမ ကြိုက်တဲ့အရုပ်တွေကိုတော့ အိပ်ရာနားမှာထားတယ်။ အရုပ်တွေအကုန်လုံး အရောင်နဲ့ချည်းပဲ။ ပေါလစ်ပြောင်နေအောင်တိုက်ထားတဲ့ရှူးဖိနပ်အနက်ရောင်ကနေ နှင်းပွင့်တွေလို ဖြူဆွတ်နေတဲ့အဖြူရောင်ထိအစုံရှိတယ်။ ဒါပေမဲ့ အများစုက ပန်းနုရောင်ပါပဲ။ တချို့အရုပ်က အဝတ်မပါဘူး။ ကျန်တာတွေကလည်း ဝတ်ထားရင် တစ်မျိုးတည်းပဲ။ တီရှပ်တစ်ထည်၊ ဒါမှမဟုတ် ခြေအိတ်တစ်ဖက်၊ ဒါမှမဟုတ် ဦးထုပ်တစ်လုံး။ ဂါဝန်နဲ့ ဝတ်စုံပြည့်ဝတ်ထားတာနည်းနည်းပဲရှိတယ်။ တစ်ရုပ်နဲ့တစ်ရုပ် နည်းနည်းကွာပေမယ့် အားလုံးမှာ ဘုံတူနေတာ ရှိတယ်။ အရုပ်တွေအားလုံးရဲ့မျက်တောင် လုံးဝမခတ်တဲ့ ပြူးပြူးပြဲပြဲနဲ့ ဒေါသတကြီးအကြည့်ပဲ။ ကလေးအရုပ်တွေပေမယ့် အကြည့်က ကလေးအကြည့် မဟုတ်ဘူး။ ကလေးတွေက ဘယ်သူ့ကိုမှ အဲဒီလို မကြည့်ကြပါဘူး။ သူ အရုပ်တွေနား ဖြတ်သွားရင် ဝိုင်းအကြည့်ခံရသလို ခံစားရတယ်။ အခန်းထဲက ထွက်လာရင်လည်း အရုပ်ပေါင်းခြောက်ဆယ်က သူ့အကြောင်း အတင်းတုတ်နေကြမှာလို့ သူ သံသယပွားမိတယ်။

ဒါပေမဲ့ သူတို့ ပီတာ့ကို အန္တရာယ်တော့ မပေးဖူးပါဘူး။ ပြီးတော့ သူ တကယ်မကြိုက်တာ တစ်ရုပ်ပဲရှိတယ်။ အရုပ်ဆိုးပေကြီးလေ။ ကိတ်တောင်မှ အဲဒီအရုပ်ကြီးကို မုန်းတယ်။ သူမ အဲဒီအရုပ်ကို ကြောက်လို့ လွှင့်မပစ်ရဲတဲ့အထိလေ။ လွှင့်ပစ်လိုက်လို့ အရုပ်က ညသန်းခေါင်ကြီးမှ ပြန်လာပြီး လက်စားချေရင် ဘယ်လိုလုပ်မလဲ။ တစ်ချက်ကြည့်ရုံနဲ့ အဲဒါ အရုပ်ဆိုးပေကြီးမှန်း တန်းသိမှာပဲ။ အရုပ်က ပန်းနုရောင်သန်းလွန်းလို့ လူနဲ့ လုံးဝ မတူတဲ့ အထိပဲ။ တော်တော်ကြာကတည်းက အရုပ်ရဲ့ ဘယ်ဘက်ခြေထောက်နဲ့ ညာဘက်လက်က ပြုတ်ထွက်သွားခဲ့ပြီ။ ပြီးတော့ ချိုင့်နေတဲ့ ဦးခေါင်းခွံကနေ ဆံပင်အနက်တွေ ဖားလျားကျနေတယ်။ အရုပ်လုပ်တဲ့သူတွေက အရုပ်ကို ချိုမြမြအပြုံးလေးထည့်ပေးဖို့ လုပ်ခဲ့တာပဲ။ ဒါပေမဲ့ ပုံသွင်းတဲ့နေရာမှာ တစ်ခုခုလွဲသွားပုံရတယ်။ ဘာလို့လဲဆိုတော့ အရုပ်ဆိုးပေကြီးက နှုတ်ခမ်းတွေစူပြီး မျက်မှောင်ကြီး ကုတ်ထားတာမို့လေ။

အရုပ်တွေအားလုံးထဲမှာမှ ကျားမဟုတ်၊ မ မဟုတ်တာ အရုပ်ဆိုးပေကြီးပဲရှိတယ်။ သင်းက အဝတ်လည်း မပါဘူး။ ပြီးတော့ ကိတ်ရဲ့အိပ်ရာနဲ့ တတ်နိုင်သမျှ အဝေးဆုံးမှာ ထိုင်တယ်။ စာအုပ်စင်ပေါ် ထိုင်တာဆိုတော့ အမြင့်ကနေကျန်တဲ့အရုပ်တွေကို နှိမ်သလိုလို ကြည့်တတ်သေးတယ်။ တစ်ခါတလေကျရင်

mgyee.com

mgyoe.com
SAMPLE BOOK


ကိတ်က သင်းကို ပွေ့ပြီး တိုးတိုးဖွဖွနဲ့ ချော့တတ်တယ်။ သိပ်မကြာပါဘူး၊ ကိတ် ကြောက်စိတ်ဝင်လာပြီး ပြန့်ထားလိုက်တာချည်းပါပဲ။

စိတ်ကူးယဉ်မျဉ်းက မျဉ်းရှိနေမှန်း သူတို့သတိထားတဲ့အခါမျိုးမှာတော့ အလုပ်ဖြစ်တယ်။ တစ်ဖက်အခြမ်းကိုကူးမယ်ဆို သူတို့ ခွင့်ပြုချက်တောင်းကြတယ်။ ကိတ်က ပီတာရဲ့လျှို့ဝှက်ချက်ဘူးကို ဖွင့်ဖို့ မကြိုးစားသလို ပီတာကလည်း ကိတ်ရဲ့မိုက်ခရိုစကုပ်ကို ခွင့်မတောင်းဘဲ မကိုင်ဘူး။ ဒီလိုနဲ့ အဆင်ပြေနေတာ တစ်ခုသောတနင်္ဂနွေနေ့လယ်ခင်းမှာ သူတို့ သတ်ကြပါလေရော။ ဆိုးဆိုးဝါးဝါး ရန်ပွဲတစ်ခုပဲ။ စိတ်ကူးယဉ်မျဉ်း ဘယ်မှာ ဆိုတာကို ငြင်းခုံကြတာ။ မျဉ်းက သူ့ အိပ်ရာနဲ့ ခပ်ဝေးဝေးမှာဆိုတာ ပီတာ့ဘက်က သေချာပြောရဲတယ်။ ဒီအခေါက် တော့ ကိတ်မျက်နှာ နီရဲမလာသလို သေမလိုလို ဟန်ဆောင်တာမျိုးလည်း မလုပ်ဘူး။ အသံကုန်လည်း ညစ်မအော်ဘူး။ ကိတ်က ပီတာ့နှာခေါင်းကို အရုပ်ဆိုးပေကြီးနဲ့ လာထိုးတာ။ အရုပ်ဆိုးပေကြီးရဲ့ ပန်းနုရောင်ခြေထောက် အတုတ်ကြီးကိုကိုင်ပြီး မျက်နှာရှေ့ လာယမ်းတယ်။ ဒီတော့ ငိုပြီး အောက်ထပ်ပြေးဆင်းရတာ ပီတာ ဖြစ်သွားတယ်။ နှာခေါင်းက မနာပေမဲ့ နှာခေါင်းသွေးတော့ ယိုလာတယ်။ ယိုစမ်းကွာ။ အောက်ထပ်ကို ခပ်သွက်သွက်ပြေးဆင်းတုန်းမှာ သွေးတွေကို လက်ဖမိုးနဲ့ မျက်နှာတစ်ပြင်လုံး သုတ်ပစ်တယ်။ မီးဖိုချောင်ထဲရောက်ရော သူ့အမေရှေ့မှာ လဲ့ချပစ်လိုက်ပြီး တွန့်လိမ်ကောက်ကွေးနဲ့ အော်ငိုတော့တယ်။ ကိတ် ပြဿနာ အကြီးအကျယ်တက်သွားတာပေါ့။

အဲဒီ ရန်ပွဲဖြစ်ပြီးတဲ့နောက် ပီတာနဲ့ ကိတ်ကို တစ်ခန်းစီထားဖို့ သူတို့ မိဘတွေ ဆုံးဖြတ်လိုက်ကြတော့တယ်။ ပီတာရဲ့ ဆယ်နှစ်ပြည့်မွေးနေ့အပြီး သိပ် မကြာဘူး။ သူ့အဖေ သေတ္တာခန်းလို့ခေါ်တဲ့အခန်း (သေတ္တာတွေမရှိဘဲ ဓာတ်ပုံ ဘောင်အဟောင်းတွေနဲ့ ထိုင်ခုံအကျိုးတွေသာရှိ) ကို ရှင်းပြီး ပီတာ့အခန်းလို့ သတ်မှတ် ပေးလိုက်တယ်။ သူ့အမေ အခန်းအလှဆင်တာကို ပီတာကူပေးတယ်။ သူတို့ ခန်းဆီးတွေ ချိတ်တယ်။ ကြေးလက်ကိုင်ဘုတုံးတွေပါတဲ့ သံခုတင်ကြီး ထည့်ပေး တယ်။

ကိတ်လည်း ပျော်နေတယ်။ ပီတာ့ပစ္စည်းတွေ သယ်တာကို ဝင်ကူ ပေးတယ်။ သူတို့သတ်စရာ အကြောင်းမရှိတော့ဘူး။ ပြီးတော့ သူ့အစ်ကို အိပ်နေရင်း ရွံစရာ ဂူးဂူးဂဲဂဲဟောက်တာကို နားထောင်စရာမလိုတော့ဘူး။ ပြီးတော့ ပီတာက

m g y
SAMPLE BOOK


အတော်ဆိုလေ။ ခုတော့ သူ စိတ်လွတ်ကိုယ်လွတ် နေနိုင်တဲ့ နေရာတစ်ခုရပြီ။ အဲဒီညက သူ စိတ်ကူးယဉ်စည်းမရှိတဲ့ ကိုယ်ပိုင်နေရာလေးကို အရသာခံဖို့ နာရီဝက် စောပြီး အိပ်ရာဝင်ခဲ့တယ်။ မမှောင့်တမှောင်ထဲမှာ သူ လှဲနေရင်း အရုပ်ဆိုးပေကြီး ဆီကနေ ကောင်းတာတစ်ခုတော့ ဖြစ်လာခဲ့ပေါ့လို့ တွေးနေမိတယ်။

ဒီလိုနဲ့ လပေါင်းများစွာ ကုန်လွန်လာခဲ့တယ်။ ပီတာနဲ့ ကိတ်တို့လည်း ကိုယ်ပိုင်အခန်းမှာနေတာ ကျင့်သားရလာကြပြီ။ အမိုက်စားရက်တွေ ရောက်လာ၊ ကျော်လွန်သွားကြတယ်။ ပီတာ့မွေးနေ့၊ မီးပန်းည၊ ခရစ္စမတ်၊ ကိတ်ရဲ့မွေးနေ့ ပြီးတော့ အီစတာပွဲတော်နေ့။ အီစတာနေ့ မိသားစုလိုက် ဥရှာထွက်ပြီး နှစ်ရက် အကြာမှာပေါ့။ ပီတာ ခုတင်ပေါ်မှာ သူ့ရဲ့ နောက်ဆုံးကျန်တဲ့ဥကို စားမယ့်ဆဲဆဲမှာ။

ဥက သူရသမျှထဲမှာ အကြီးဆုံး၊ အလေးဆုံးပဲ။ အဲဒါကြောင့် နောက်ဆုံးမှ စားဖို့ သူ ဥထားတာ။ သူ အပေါ်က ငွေရောင်နဲ့ အပြာရောင်စက္ကူပတ်ကို ခွာတယ်။ ဥက ရက်ဂ်ဘီ ဘောလုံးတစ်လုံးစာလောက် ရှိတယ်။ သူ ဥကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး ငေးစိုက်ကြည့်နေတယ်။ ပြီးတော့ လက်မနှစ်ချောင်းနဲ့ ဥခွံကို ဖောက်တယ်။ အထဲက ထွက်လာတဲ့ ချောကလက် ခပ်ပျစ်ပျစ်အနံ့ကို သူ သိပ်ကြိုက်တာ။ သူ ဥကို နှာခေါင်းနားကပ်ပြီး ရှိုက်ရှူတယ်။ အဲဒီနောက် သူ စစားတော့တယ်။

အပြင်မှာ မိုးရွာနေတယ်။ ဒီအပတ်က အားလပ်ရက်တွေချည်းပဲ။ ကိတ် က သူငယ်ချင်းတစ်ယောက်ရဲ့ အိမ်မှာ ရောက်နေတယ်။ စားရုံကလွဲပြီး မရှိဘူး။ မိနစ်နှစ်ဆယ်အကြာမှာ စက္ကူခွံပဲ ကျန်တော့တယ်။ ပီတာ ထရပ်တော့ နည်းနည်းလေး ယိုင်ထိုးချင်နေတယ်။ သူ အန်ချင်သလိုလို ဖြစ်နေတယ်။ ပျင်းလည်းပျင်းနေတယ်။ စိုစွတ်ထိုင်းမှိုင်းတဲ့နေ့လယ်ခင်းနဲ့တော့ ကွက်တိပဲ။ ထူးဆန်းလိုက်တာ၊ ကိုယ်ပိုင် အခန်းရတာက သိပ်စိတ်လှုပ်ရှားဖို့ မကောင်းတော့ဘူး။ ချောကလက်ကို ရွံမုန်း လာပြီ။ သူ တံခါးဆီ လျှောက်သွားတုန်းမှာ သက်ပြင်းတစ်ချက်ချတယ်။

"ကိုယ့် အခန်းကိုလည်း ရွံမုန်းလာပြီ"

လှေကားထိပ်မှာရပ်နေရင်း သူ အန်ချင်သလိုလိုဖြစ်လာတယ်။ ဒါပေမဲ့ သူ သန့်စင်ခန်းဆီ သွားရမယ့်အစား ကိတ်အခန်းဆီလျှောက်သွားပြီး အထဲဝင်ချ လိုက်တယ်။ သူ ဒီထဲကို အကြိမ်ပေါင်းရာချီပြီး ရောက်ဖူးတာပဲ။ ဒါပေမဲ့ အဲဒီ တုန်းက သူတစ်ယောက်တည်း မဟုတ်ဘူး။ သူ အခန်းအလယ်မှာ ရပ်နေတယ်။

mgyue.com

mgyee.com

ထုံးစံအတိုင်း အရုပ်တွေက ဝိုင်းကြည့်ကြတယ်။ သူ တစ်မျိုးချည်း ခံစားရတယ်။ အရာအားလုံးက အရင်နဲ့ မတူတော့သလိုပဲ။ အခန်းက ပိုကျယ်သွားတယ်။ ကြမ်းပြင်က စောက်လျှော ဖြစ်နေတာကို သူ အရင်က သတိမထားမိဘူး။ အေးစက်စက်အကြည့်နဲ့ အရုပ်တွေ ပိုများလာသလိုပဲ။ သူ အိပ်ရာဟောင်းဆီ လျှောက်သွားတုန်းမှာ ချွတ်ခနဲ အသံတစ်သံ ကြားလိုက်သလိုပဲ။ တစ်ခုခုရွေ့သွားတာ မြင်လိုက်သလိုပဲ။ ဒါပေမဲ့ သူ ပြန်လှည့်ကြည့်တော့ အားလုံး တုတ်တုတ်မျှ မလှုပ် ငြိမ်သက်တိတ်ဆိတ်လို့ နေတယ်။

သူ ခုတင်ပေါ်မှာထိုင်ပြီး အရင်ဒီပေါ်မှာ အိပ်ခဲ့ဖူးတဲ့ နေ့ရက်ဟောင်းတွေ အကြောင်း ပြန်တွေးနေတယ်။ သူ အဲဒီတုန်းက ချာတိတ်ပဲရှိသေးတာ။ ကိုးနှစ်ပေါ့။ သူ ဘာသိနိုင်ခဲ့မှာလဲ။ ဆယ်နှစ်သား သူက အချိန်နောက်ပြန်သွားပြီး ဘာက ဘယ်လိုဆိုတာ ပြောပြလို့ရရင် အကောင်းသား။ ဆယ်နှစ်ပြည့်တဲ့အခါ ဘာတွေ ဘယ်လို ဖြစ်ပျက်တယ်ဆိုတာ တစ်ခုလုံး ခြုံမြင်လာပြီ။

ပီတာ လွန်ခဲ့တဲ့ခြောက်လက မသိနားမလည်ခဲ့တဲ့ သူ့ရဲ့ငယ်ဘဝအကြောင်း ပြန်စဉ်းစားရင်း အတွေးလွန်သွားတာနဲ့ သူ့ရှေ့ ကော်ဇောပေါ်က အရိပ်အယောင်ကို သတိမထားမိလိုက်ဘူး။ သတိလည်းထားမိရော အထိတ်တလန့်အော်၊ ခုတင်ပေါ် တက်ပြေးပြီး ဒူးကွေးရက်သား ဖြစ်သွားတယ်။ သူ့ရှေ့မှာ အရုပ်ဆိုးပေကြီး လျှောက်လာနေတာ။ သင်းက ကိတ်ရဲ့ စာရေးခုံပေါ်က စုတ်တံတစ်ချောင်းကို ချိုင်းထောက်လိုထောက်ပြီး ကိုးရိုးကားရား လျှောက်လာနေတယ်။ အရုပ်ဆိုးပေကြီးက တရှူးရှူးနဲ့ ထော့ကျိုးထော့ကျိုး လျှောက်လာနေရင်းနဲ့ ပါးစပ်ကလည်း မကြားဝံ့မနာဝံ့စကားတွေ ဆဲနေတယ်။ ခုတင်တိုင်နားရောက်တော့ အမောဖြေဖို့ နားတယ်။ အရုပ်ဆိုးပေကြီးရဲ့နှဖူးနဲ့ အပေါ်နှုတ်ခမ်းမှာ ချွေးတွေသီးနေတာကို ပီတာတွေ့တော့ အံ့သြသွားတယ်။ အရုပ်ဆိုးပေကြီးက စုတ်တံကို ခုတင်မှာ မှီထားပြီး မျက်နှာကို လက်ဖျံနဲ့ သုတ်တယ်။ အဲဒီနောက်မှာတော့ ပီတာကို ဖျတ်ခနဲကြည့်၊ အသက်ကို ခပ်ပြင်းပြင်းရှိုက်ရှူပြီး ချိုင်းထောက်ကို ဆတ်ခနဲဆွဲကာ ခုတင်ပေါ် စတက်တော့တယ်။

ကိုယ့်အရပ်ထက် သုံးဆလောက် မြင့်တဲ့နေရာကို လက်တစ်ဖက်၊ ခြေတစ်ဖက်နဲ့ ကုန်းရုန်းတက်ဖို့ဆို ဖွဲရော ခွန်အားပါရှိမှဖြစ်မှာ။ အရုပ်ဆိုးပေကြီးမှာ ဖွဲလည်း မရှိ၊ ခွန်အားလည်း မသုံးနိုင်။ စုတ်တံနဲ့ ကန်အားရှာနေတုန်း

mgyee.com

m g y o e . c o m SAMPLE BOOK

ခုတင်တိုင် တစ်ဝက်မှာ တွဲလောင်းကျနေတဲ့အခါ ပန်းနုရောင်ခန္ဓာကိုယ်က ချည့်နဲ့ တုန်ယင်နေတော့တယ်။ ညည်းသံညူသံတွေက ပိုကျယ်၊ ပိုကရုဏာသက်ဖွယ် ဖြစ်လာတယ်။ ချွေးရွှဲသထက် ရွှဲနေတဲ့ခေါင်းက တဖြည်းဖြည်းချင်းနဲ့ ပီတာ့ မြင်ကွင်းထဲ ရောက်လာတယ်။ သူ အရုပ်ဆိုးပေကြီးကို အသာလေးကောက်ယူပြီး ခုတင်ပေါ် မတင်ပေးလို့ရတယ်။ ဒါမှမဟုတ် အရုပ်ဆိုးပေကြီးကို ကြမ်းပြင်ပေါ် ရိုက်ချလိုက်ဖို့လည်း အလွယ်ကလေးပဲ။ ဒါပေမဲ့ သူ ဘာမှမလုပ်ဘဲ ထိုင်ကြည့် နေလိုက်တယ်။ ပွဲက လာနေပြီ။ ဘာဆက်ဖြစ်မယ်ဆိုတာ သူ သိချင်တယ်။ အရုပ်ဆိုး ပေကြီး 'သောက်ကျိုးနည်း' တို့၊ 'မုန့်အနှစ်အပုပ်အသိုးကြီး' တို့ ကျိန်ဆဲပြီး အပေါ်ကို ကုန်းရုန်းတက်နေတုန်းမှာ အခန်းထဲက အရုပ်တွေအားလုံးရဲ့ခေါင်းတွေက ပီတာ့ဘက်ဆီ လှည့်နေတယ်ဆိုတာ သတိထားမိသွားတယ်။ ကြည်ပြာရောင် မျက်လုံးတွေ ကျယ်သထက် ကျယ်လာတယ်။ ကျောက်ဆောင်တွေပေါ် ရေစီးကျ သလို ခပ်ဖွဖွပြောသံကနေ တီးတိုးပြောသံ၊ နောက်ဆုံးမှာတော့ အရုပ်ပရိသတ် အပေါင်းဆီကနေ အသံလှိုင်းလုံးကြီးတစ်ခုထိ ဖြစ်လာခဲ့တော့တယ်။

"သူ တကယ်ကြီးတက်နေပြီဟ" လို့ အရုပ်တစ်ရုပ်ကပြောတာကို ပီတာ ကြားမိတယ်။

နောက်တစ်ရုပ်က ပြောပြန်တယ်။

"တစ်ခုခုတော့ ဖြစ်တော့မှာပဲ"

ပြီးတော့ နောက်တစ်ရုပ်က အော်ပြောတယ်။

"မှုမှုတတ လုပ်သင့်ပါတယ်ကွာ"

အဲဒါကို ဝိုင်းထောက်ခံနေတာ အရုပ်နှစ်ဆယ်လောက် ရှိမယ်။

"ဟုတ်တယ်ဟေ့"

"မှန်ပကွာ"

"ထောက်ခံတယ်"

အရုပ်ဆိုးကြီး ခုတင်ပေါ် လက်တစ်ဖက်ကုပ်မိသွားတော့ ချိုင်းထောက်ကို လက်လွှတ်လိုက်တယ်။ ခုတော့ စောင်ကို ဆွဲကုပ်ပြီး ကုန်းရုန်းတက်နေပြီ။ အဲဒီ အချိန်မှာပဲ အခန်းတစ်ဖက်ခြမ်းကနေ ဝိုင်းဩဘာပေးသံတွေ ထွက်လာတယ်။ ရုတ်တရက်ဆိုသလိုပဲ အရုပ်တွေအားလုံး ခုတင်ဆီ ချီတက်လာနေကြပြီ။ ပြတင်း ဘောင်ကနေ၊ ကြည့်မှန်ထိပ်ကနေ၊ ကိတ်ရဲ့ခုတင်ပေါ်ကနေ၊ အရုပ်တွန်းလှည်းထဲ

ကနေ အရုပ်တွေ ကော်ဇောပေါ် ခုန်ပေါက် တိုးထွက်လာကြတယ်။ ဝတ်ရုံ အရှည်နဲ့ အရုပ်တွေက ခလုတ်တိုက် မှောက်လဲတဲ့အခါ အော်ဟစ်ရော။ ကိုယ်တုံးလုံး အရုပ်တွေ၊ ခြေအိတ်တစ်ဖက်ပဲပါတဲ့ အရုပ်တွေကတော့ တုံးတိုက်တိုက် ကျားကိုက် ကိုက် စွတ်ပြေးနေကြတယ်။ အညိုရောင်၊ ပန်းနုရောင်၊ အနက်ရောင်၊ အဖြူရောင် စသဖြင့် အရောင်စုံတဲ့ အရုပ်လှိုင်းကြီးက ချီတက်လာနေတုန်းမှာ 'မျှမျှတတဖြစ်ရေး ဒို့အရေး၊ သာတူညီမျှရေး ဒို့အရေး' ဆိုပြီး ကြွေးကြော်ကြတယ်။ ကြည်လင် နေတဲ့မျက်ဝန်းတွေထဲမှာ ဒေါသမီးတွေ တောက်လောင်နေတယ်။ အပြာဖျော့ရောင် မျက်လုံးတွေနောက်မှာ ဒေါသတွေ ရှိမယ်လို့ ပီတာ အရင်ကတည်းက သံသယ ရှိခဲ့တာ။

အရုပ်ဆိုးပေကြီး ခုတင်ပေါ် တက်နိုင်သွားပြီ။ မောဟိုက်နေပေမယ့် မော်မော်ကြွားကြွားရပ်ပြီး အောက်ကပရိသတ်အစုအဝေးကို လက်ပြနေတယ်။ အရုပ်တွေက အချင်းချင်းပွေ့ဖက်ပြီး သူတို့ရဲ့ ဝကစ်ကစ်လက်မောင်းတွေကို ဆန့်ဆန့်မြှောက်ကာ သြဘာသံ ညံမစဲ ရှိတော့တယ်။

"မျှမျှတတဖြစ်ရေး ဒို့အရေး"

ကြွေးကြော်သံ ထွက်လာပြန်တယ်။

ပီတာ ခုတင်အစွန်းကို ပြေးကပ်ရတယ်။ ကျောက နံရံကို ကပ်နေပြီ။ လက်မောင်းတွေက ဒူးကို ပိုက်ထားတယ်။ တကယ့်အံ့သြဘနန်းပါပဲ။ သူ့အမေ အသံဗလံတွေကြားပြီး တိတ်တိတ်နေဖို့ လာပြောမှာ သေချာပေါက်ပဲ။

အရုပ်ဆိုးပေကြီး အမောဖြေနေတုန်းမှာ ကြွေးကြော်သံက မစဲနိုင်ဖြစ် နေဆဲ။ အဲဒီနောက် အရုပ်ဆိုးကြီး စုတ်တံချိုင်းထောက်ကို ကောက်ယူလိုက်တယ်။ အရုပ်ထုကြီး ရုတ်ချည်းပဲ ငြိမ်ကျသွားတယ်။

ပရိသတ်တွေအားကိုးနဲ့ အရုပ်ဆိုးပေကြီးက ပီတာ့နား နှစ်လှမ်းလောက် တိုးလာပြီး –

"အဲဒီနားမှာ နေလို့ ကောင်းပါစ" လို့ မေးတယ်။

လေယူလေသိမ်းက ယဉ်ယဉ်ကျေးကျေးပဲ။ ဒါပေမဲ့ အရုပ်အုပ်ကြီးဆီက ရယ်သံတွေ ထွက်လာတယ်။ ဒီတော့ သူ အကွက်ဆင်ခံနေရပြီလို့ ပီတာ သိလိုက်တယ်။

"ခင်ဗျား ဘာပြောတာလဲ ကျွန်တော် နားမလည်ဘူး" လို့ ပီတာက ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


အရုပ်ဆိုးပေကြီးက ပရိသတ်ဘက်လှည့်ပြီး ပီတာ့အသံနဲ့ ကျကျနန တုပပြီး ပြောတယ်။

"သူကလေးက ငါပြောတာကို နားမလည်ဘူးတဲ့"

အဲဒီနောက် ပီတာ့ဘက် လှည့်လာပြန်တယ်။

"အခန်းသစ်မှာ နေလို့ အဆင်ပြေလား မေးတာ"

"သြော်…၊ အဲဒါလား၊ ဟုတ်… ကျွန်တော့်အခန်းက မိုက်ပါတယ်" လို့ ပီတာပြန်ဖြေတယ်။

တချို့အရုပ်တွေက အဲဒီစကားကို တတွတ်တွတ်ရွတ်ပြီး ပြောင်တော့တယ်။

"မိုက်တယ်… မိုက်တယ်… မိုက်တယ်…"

နောက်ဆုံးမှာ ရူးကြောင်ကြောင် စကားလုံးတစ်လုံး ဖြစ်လာတဲ့အထိပဲ။ အဲဒီစကားလုံးကို မသုံးခဲ့ရင် အကောင်းသားလို့ ပီတာ တွေးမိတယ်။

အရုပ်ဆိုးပေကြီးက စိတ်ရှည်လက်ရှည် စောင့်တယ်။ အားလုံး ငြိမ်သွားတဲ့အခါ ထပ်မေးပြန်တယ်။

"ကိုယ်ပိုင်အခန်းရတာ ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်" လို့ ပီတာ ပြန်ဖြေတယ်။

"ကိုယ်ပိုင်အခန်းမှာ စိတ်လွတ်ကိုယ်လွတ်နေရတာကို ကြိုက်လား"

"ဟုတ်ကဲ့၊ ခုနကပဲ ပြောပြီးပြီလေ၊ ကျွန်တော့်အခန်းကို ကြိုက်ပါတယ်လို့"

အရုပ်ဆိုးပေကြီးက နောက်တစ်လှမ်း တိုးလာတယ်။ အနားထိ တိုးကပ်လာတော့မယ်လို့ ပီတာထင်နေမိတယ်။ အရုပ်ဆိုးပေကြီးက အသံကို မြှင့်ပြောတယ်။

"တခြားတစ်ယောက်ယောက်ကများ အဲဒီအခန်းကို လိုချင်နေခဲ့လိမ့်မယ်လို့ မင်း မတွေးမိဘူးလား"

"မဖြစ်နိုင်တာ" လို့ ပီတာက ပြောတယ်။

"အမေနဲ့ အဖေက တစ်ခန်းတည်း အတူနေတာ၊ ဒီတော့ ကိတ်နဲ့ ကျွန်တော်ပဲ ကျန်တာ…"

သူ့စကားလုံးတွေက အရုပ်ထုကြီးဆီက ကန့်ကွက်သံတွေအောက် ပျောက်သွားတယ်။ အရုပ်ဆိုးပေကြီးက အားလုံးတိတ်တိတ်နေဖို့ ချိုင်းထောက်ကို

mgyoe.com

mgyoe.com

လေထဲမြှောက်အပြမှာ ခြေထောက်တစ်ဖက်တည်းနဲ့ ကြိုးစားပြီး မတ်မတ်ရပ် နေတယ်။

"မင်းတို့နှစ်ယောက်ပဲကျန်တာ၊ ဟုတ်လား" လို့ အရုပ်ထုကြီးကို ခေါင်းညိတ်ပြန့်ရင်း ပြောတယ်။

ပီတာ ရယ်တယ်။ ဘာပြောမှန်း မသိဘူးလေ။

အရုပ်ဆိုးပေကြီး အနားထပ်တိုးလာတယ်။ ပီတာ ဆတ်ခနဲ ဆွဲယူလို့ တောင်ရပြီ။ အရုပ်ဆိုးပေကြီးဆီကနေ ချောကလက်နံ့ ရနေတယ်။

"တခြားတစ်ယောက်ယောက်ကများ အဲဒီ့ အခန်းကိုယူဖို့ အလှည့်ကျ ပြီလို့ မင်း မတွေးမိဘူးလား" လို့ မေးတယ်။

"ကြံကြီးစည်ရာ" လို့ ပီတာ ပြောတယ်။

"ခင်ဗျားတို့က အရုပ်တွေပဲဟာကို"

အဲဒီမှာ အရုပ်တွေ ဒေါသမာန်ဟုန် တောက်လောင်ကုန်တော့တာပဲ။

"ငါတို့ ဘယ်လို နေရတယ်ဆိုတာ မင်း မြင်ဖူးတာပဲ" လို့ အရုပ် ဆိုးပေကြီးက အော်ပြောတယ်။

"ငါတို့ အရုပ်ခြောက်ဆယ်လောက်ကို အခန်းထောင့်မှာ စုပြုံထား တယ်လေ၊ ငါတို့ရှေ့မှာ အခေါက်ပေါင်းထောင်ချီဖြတ်သွားလည်း အဲဒါကို တစ်ခါမှ မတွေးမိဘူးမဟုတ်လား၊ နံရံက အုတ်တွေလို ငါတို့ အထက်အောက် ဆင့်နေရတာကို မင်း ဂရုတစိုက် စဉ်းစားဖူးလား၊ မင်း သတိမမူတာ ဂူကို ဘယ်မြင်မလဲ၊ ငါတို့ကို ကြည့်စမ်းပါဦး၊ နေရာ ကျယ်ကျယ်ဝန်းဝန်းလည်း မရှိ၊ လွတ်လွတ် လပ်လပ်လည်း မနေရ၊ အိပ်ရာတောင် သီးသန့်မရဘူး၊ ဒီတော့ အဲဒီအခန်းကို ငါတို့ ယူရမယ့် အလှည့်ရောက်ပြီ၊ မျှမျှတတဖြစ်ရေး ဒို့ အရေး"

အရုပ်အုပ်ကြီးဆီကနေ ကြွေးကြော်သံကြီး နောက်တစ်ချီ မြည်ဟည်း လာတယ်။

"မျှမျှတတဖြစ်ရေး တို့အရေး၊ သာတူညီမျှရေး တို့အရေး"

အဲဒီလို ကြွေးကြော်နေရင်းက အရုပ်တွေ ခုတင်ပေါ် တက်လာကြ တယ်။ တစ်ရုပ်ရဲ့ပခုံးပေါ် တစ်ရုပ်တက်ပြီး လှေကားထစ်လို တက်လာကြတယ်။ ခဏလေးအတွင်းမှာ အရုပ်ထုကြီးတစ်ခုလုံး ပီတာရှေ့ ရောက်လာတယ်။ ခုတင် အစွန်းဆီ တပ်ဆုတ်သွားတဲ့ အရုပ်ဆိုးပေကြီးက ချိုင်းထောက်ကို ဝှေ့ယမ်းပြီး-

mgyoe.com

m g ... SAMPLE BOOK

"အခု ချက်ချင်းပေး" လို့ အော်တယ်။

ဝကစ်ကစ်လက်ပေါင်း တစ်ရာနှစ်ဆယ်က ပီတာ့ဘယ်ဘက်ခြေထောက်ကို ခြေကုပ်ယူလိုက်ကြပြီ။

"ရှိ... ဟို... ယား... ဟို..." လို့ အရုပ်ဆိုးပေကြီးက တိုင်ပေးတယ်။

"ရှိ... ဟို... ယား... ဟို..." လို့ အရုပ်ထုကြီးက လိုက်အော်တယ်။

အဲဒီနောက်မှာ ထူးထူးဆန်းဆန်းတစ်ခု ဖြစ်သွားတယ်။ ပီတာ့ခြေထောက် ပြုတ်ထွက်သွားတယ်။ လုံးဝကို ပြုတ်ထွက်သွားတာ။ ခြေထောက်ရှိနေကျ နေရာကို ကြည့်တော့ သွေးတွေအစား မွစာကြဲနေတဲ့ ဘောင်းဘီထဲကနေ စပရိန်တစ်ခု ထွက်လာတာကို တွေ့လိုက်ရတယ်။

'ရယ်ရတာပဲ' လို့ သူ တွေးမိတယ်။ တစ်ခါမှ ထင်မထားဘူး။

ဒါပေမဲ့ သူ ရယ်စရာအကြောင်းတွေးနေဖို့ အချိန်မရှိဘူး။ ဘာလို့လဲဆိုတော့ အရုပ်တွေက သူ့ညာဘက်လက်ကို ဆွဲပြီး 'ရှိ... ဟို... ယား... ဟို...' လုပ်နေကြပြီလေ။ ဒီလိုနဲ့ သူ့လက်မောင်းလည်း ပြုတ်ထွက်သွားတယ်။ သူ့ပခုံးကနေ နောက်ထပ် စပရိန်တစ်ခု ထွက်လာတယ်။

"ယား... ငါ့လက်နဲ့ ခြေထောက် ပြန်ပေးစမ်း" လို့ ပီတာ အော်ပြောတယ်။

ဒါပေမဲ့ ပြောလည်း မထူးပါဘူး။ သူ့လက်နဲ့ခြေထောက်ကို အရုပ်တွေ လက်ဆင့်ကမ်းပြီး အရုပ်ဆိုးပေကြီးဆီ ပို့လိုက်ကြပြီ။ အရုပ်ဆိုးပေကြီးက ခြေထောက်ကို ကောက်စွပ်တယ်။ အံဝင်ခွင်ကျပဲ။ နောက် လက်ကို ကောက်စွပ်တယ်။ လက်က အရုပ်ဆိုးပေကြီးအတွက် ထွင်လုပ်ထားသလား အောက်မေ့ရတယ်။ ကွက်တိပဲ။

ထူးဆန်းလိုက်တာ။ ငါ့လက်နဲ့ ခြေထောက်က အရုပ်ဆိုးပေကြီးအတွက် ကြီးလွန်းနေမယ် ထင်ခဲ့တာ။

သူ ဒါကို တွေးနေတုန်းမှာပဲ။ အရုပ်တွေက သူ့ပေါ် တက်လာကြပြန်တယ်။ ဒီတစ်ခေါက်တော့ အရုပ်တွေ သူ့ရင်ဘတ်ပေါ် ခုန်ပေါက်ကြ၊ ဆံပင်မွေးတွေ ဆွဲဆောင့်ကြ၊ အင်္ကျီတွေ ဆွဲဖြဲကြတော့တယ်။

"ဆင်းကြစမ်း" လို့ ပီတာ အော်တယ်။

"အား... နာတယ်ဟ"

mgyoe.com

mgyoe.com SAMPLE BOOK

အရုပ်တွေက သူ့ဆံပင်တွေကို ဆွဲနုတ်ရင်း ရယ်ကြတယ်။ ဆံပင်မွှေးတွေ အကုန်လုံးကို ဆွဲနုတ်ကြတာ။ နောက်ဆုံး သူ့ခေါင်းတည့်တည့်က ရှည်ထွက်လာတဲ့ ဆံရှည်ကြီးကိုပဲ ချန်ထားခဲ့ကြတယ်။

အရုပ်ဆိုးပေကြီးက ပီတာကို ချိုင်းထောက် လှမ်းပစ်ပေးတယ်။ ခြေထောက်အသစ်စက်စက်လေးနဲ့ စမ်းပြီး ခုန်ကြည့်တယ်။

"အဲဒီအခန်းကို ငါယူအလှည့်ရောက်ပြီ" လို့ ကြေညာတယ်။

"မင်းကတော့ အဲဒီမှာနေပေါ့" လို့ လက်မောင်းအသစ်နဲ့ စာအုပ်စင် ရှိရာဆီ လက်ညှိုးထိုးပြတယ်။ အရုပ်ဆိုးပေကြီးက ကြမ်းပြင်ပေါ် လှစ်ခနဲ ခုန်ဆင်း သွားတယ်။ အရုပ်ထုကြီးက အရုပ်ဆိုးပေကြီးကို လှမ်းဖမ်းပြီး အခန်းအသစ်ဆီ သယ်သွားကြတော့တယ် ဆိုပြီး ဇာတ်သိမ်းတော့မလို့ပဲ။ ဒါပေမဲ့ အဲဒီအချိန်မှာ ကိတ် အခန်းထဲ ဝင်ချလာတယ်။

ကိတ်အနေနဲ့ ဘယ်လိုထင်မလဲ စဉ်းစားသာကြည့်တော့။ သူငယ်ချင်းနဲ့ ကစားပြီး အိမ်ပြန်လာတယ်၊ ကိုယ့်အခန်းထဲ လျှောက်လာတော့၊ ကိုယ့်အစ်ကိုကို ခုတင်အလွတ်မှာ ကိုယ့်အရုပ်တွေနဲ့ ဆော့နေတာ၊ အရုပ်တွေကို ဟိုရွှေ့ ဒီရွှေ့နဲ့၊ ပါးစပ်ကလည်း အသံပေါင်းစုံ ထွက်နေတာကို တွေ့လိုက်ရတော့ ဘယ်လိုမြင်မလဲ စဉ်းစားသာကြည့်ပေတော့။ အိပ်ရာပေါ်မှာ ရှိမနေတဲ့ အရုပ်ဆိုလို့ အရုပ် ဆိုးပေကြီးပဲ ရှိတယ်။ ဆိုးပေကြီးကတော့ အနားက ကော်ဇောပေါ်မှာ။

ကိတ်ရဲ့ ဒေါသမီး တောက်လောင်သွားနိုင်တယ်။ ဒါ ပီတာ စည်းကမ်းကို ချိုးဖောက်တာပဲလေ။ ခွင့်ပြုချက်မရဘဲ အခန်းထဲ ဝင်တဲ့အပြင် အရုပ်တွေ အားလုံး ကို နေရာရွှေ့ပစ်တယ်။ ဒါပေမဲ့ အရုပ်ပေါင်း ခြောက်ဆယ်အပုံထဲက အစ်ကို ဖြစ်သူကို တွေ့တော့ ကိတ် စိတ်မဆိုးဘဲ ရယ်တောင် ရယ်မိတယ်။

ပီတာ ကိတ်ကို တွေ့တွေ့ချင်း ခပ်သွက်သွက်ပဲ ထရပ်တယ်။ မျက်နှာ လည်း နီရဲလို့။

"ဟို... အာ... ဆောရီးပဲ" လို့ သူ ရေရွတ်ပြီး ရှောင်ထွက်သွားဖို့ ကြံတယ်။

"ခဏနေဦး" လို့ ကိတ် ပြောလိုက်တယ်။

"အရုပ်တွေကို သူ့နေရာသူ ပြန်ထားမပေးတော့ဘူးလား"

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါနဲ့ ကိတ်ပြောတဲ့အတိုင်း ပီတာ အရုပ်တွေကို နေရာတကျပြန်ထား ပေးတယ်။ မုန့်ပေါ်၊ အံဆွဲထဲ၊ ပြတင်းဘောင်ပေါ်၊ အိပ်ရာပေါ်၊ အရုပ်တွန်းလှည်းထဲ စသဖြင့်။

အရုပ်တွေကို နေရာတကျ ပြန်စီပေးရတာလည်း ကြာလိုက်တာ။ နောက်ဆုံးပြန်ထားရတာ အရုပ်ဆိုးပေကြီး။ ပီတာ သူ့ကို စာအုပ်စင်ထိပ်တင်တဲ့ အခါ "တစ်နေ့တော့ အဲဒီအခန်းက ငါ့အခန်းဖြစ်လာမှာပါ ငါ့ကောင်ရာ" ဆိုတဲ့အသံကို နားနဲ့ဆတ်ဆတ် ကြားလိုက်ရတယ်။

"သောက်ကျိုးနည်း" လို့ ပီတာ အရုပ်ဆိုးပေကြီးကို တိုးတိုးလေး လှမ်းပြောလိုက်တယ်။

"မုန့်အနှစ် အပုပ်အသိုးကြီး"

"ကိုကို ဘာပြောလိုက်တာလဲ" လို့ ကိတ်က မေးတယ်။

ဒါပေမဲ့ သူမ အစ်ကိုက အခန်းထဲကနေ ထွက်သွားပေါ့။

mgyoe.com